**၃၀-၀၃-၂၀၂၂ နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ သတ္တမကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များထံ တင်ပြပြီးဖြစ်သည့် ၂၀၁၉ -၂၀ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများအား လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်**

၁။ Record Date ၁၀-၀၂-၂၀၂၂ တွင် Securities Account ၌ အစုရှယ်ယာစာရင်းဝင်နေသည့် အစုရှယ်ယာရှင်များသည် (၀၇-၀၄-၂၀၂၂) မှစတင်၍ သက်ဆိုင်ရာ Securities Company များတွင် အမြတ်ဝေစုများကို ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

၂။ ၀၅-၀၂-၂၀၂၂ နေ့နှင့် နောက်ပိုင်း အချိန်များ၌ Securities Account ဖွင့်လှစ်ထားသူများနှင့် Securities Account မဖွင့်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် MTSH ရုံးတွင် မိမိတို့ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အလိုက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏတို့ကို (၂၁-၀၄-၂၀၂၂ မှ ၂၁-၀၅-၂၀၂၂) အထိ ထုတ်ယူနိုင်ပါသည်။

၃။ ထိုသို့ထုတ်ယူရာတွင် အစုရှယ်ယာရှင်များအနေဖြင့် MTSH ၏ IR ဌာနသို့ ဖုန်းဖြင့်ဆက်သွယ်၍ အမြတ်ဝေစုထုတ်ယူရန်စာရင်းပေးရမည်ဖြစ်ပြီး ရုံးသို့လာရောက်ရမည့်ရက်ကို MTSH မှ ပြန်လည်အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉-၉၆ ၉၉၉ ၇၈၀၈၊ ၀၉-၉၆ ၉၉၉ ၇၈၁၇**

**ဆက်သွယ်ရမည့်လိပ်စာ - မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH၊ အစုရှယ်ယာဌာန၊ ရွှေဇဗ္ဗူရေးဗားဗျူးကွန်းပလပ်(စ်)၊ ၂၃ ဂျီ-၁၊ အမှတ် ၃-ဘီ၊ တာဝါ (အေ)၊ (၉) ထပ် (အပေါ်ဆုံးထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

အစုရှယ်ယာရှင်များအနေဖြင့် MTSH ရုံးတွင် အမြတ်ဝေစုလာရောက်ထုတ်ယူသည့်အခါ အောက်ပါအတိုင်း လိုအပ်သည့်စာရွက်စာတမ်းများကို ပြည့်စုံစွာယူဆောင်လာရမည်ဖြစ်ပါသည်။

**၁။ အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုထုတ်ယူရာတွင် ကိုယ်တိုင်ထုတ်ယူသူများအတွက် အောက်ပါ စာရွက်စာတမ်းများ လိုအပ်ပါသည် _**

(က) အစုရှယ်ယာလက်မှတ်မူရင်း (သို့မဟုတ်) ၀၅-၀၂-၂၀၂၂ နေ့နှင့် နောက်ပိုင်းအချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံလက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း

**၂။ အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုကို ကိုယ်တိုင်ထုတ်ယူရန် အခက်အခဲရှိသဖြင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုသူများအနေဖြင့် အောက်ပါစာရွက်စာတမ်းများ လိုအပ်ပါသည်_**

(က) အစုရှယ်ယာလက်မှတ်မူရင်း (သို့မဟုတ်) ၀၅-၀၂-၂၀၂၁ နေ့နှင့် နောက်ပိုင်းအချိန်များတွင် Securities Compnay များသို့ အစုရှယ်ယာ သက်သေခံလက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်မူရင်း

(ဂ) အစုရှယ်ယာရှင်များမှ အမြတ်ဝေစုထုတ်ယူရန် ကိုယ်စားလှယ်လွှဲအပ်စာမူရင်း

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

**၃။ အစုရှယ်ယာသက်သေခံလက်မှတ်ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်မဟုတ်ဘဲ အသင်းအဖွဲ့/ကုမ္ပဏီများ ဖြစ်ပါက အောက်ပါစာရွက်စာတမ်းများလိုအပ်ပါသည်။**

(က) အစုရှယ်ယာလက်မှတ်မူရင်း (သို့မဟုတ်) ၀၇-၀၅-၂၀၂၀ နေ့နှင့် နောက်ပိုင်းအချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံလက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အသင်းအဖွဲ့/ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် P.O ထုတ်ယူရန် ကိုယ်စားလှယ်လွှဲစာမူရင်း

(ဂ) ကုမ္ပဏီလိုင်စင်မူရင်း (မိတ္တူဖြစ်ပါက မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက်ပါရှိရပါမည်)

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

မှတ်ချက် ။ ။ တည်ဆဲဝင်ငွေခွန်ဥပဒေအရ အစုရှယ်ယာရှင်များရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန် ထပ်မံပေးဆောင်ရန် မလိုကြောင်း အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**